COLORADO
Family and Medical Leave Insurance Program (FAMLI)
Department of Labor and Employment

# FAMLI အစီအစဉ်အသိပေးစာ

ဤအစီအစဉ် သတိပေးစာကို 2023 ခုနှစ်၊ ဒီဇင်ဘာလတွင် နောက်ဆုံး ပြင်ဆင်ရေးသားခဲ့သည်။

## ဝန်ထမ်းလစာများမှ ဖြတ်တောက်မှုများမှာ ၂၀၂၃ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့တွင် စတင်သည်

- ဝန်ထမ်း၏ FAMLI ပရီမီယမ်ရှယ်ယာကို ဝန်ထမ်းလစာ၏ ၀.၄၉% အဖြစ် ၂၀၂၄ ခုနှစ်အထိ သတ်မှတ်ထားသည်။ ၂၀၂၅ ခုနှစ်နှင့် နောက်ပိုင်းတွင် FAMLI ဌာန၏ ဒါရိုက်တာက နှစ်စဉ် ရန်ပုံငွေ၏ ငွေကြေးတန်ဖိုးအပေါ် အခြေခံသည့် ပုံသေနည်းတစ်ခုအရ ပရီမီယံနှုန်းထားကို သတ်မှတ်ပါသည်။ နိုင်ငံတစ်ဝှမ်း စုစုပေါင်း ဝန်ထမ်းဆယ်ယောက်နှင့် အထက်ရှိသော အလုပ်ရှင်များသည် လစာ၏ထပ်တိုး ၀.၄၅% စုစုပေါင်းဆိုသော် ၀.၉% ကို ထည့်ဝင်ရပါမည်၊ သို့သော် ဝန်ထမ်း ကိုးယောက်နှင့် အောက်ရှိသော အလုပ်ရှင်များမှာ ဝန်ထမ်းရှယ်ယာ၏ ၀.၄၅% ကိုသာ FAMLI ဌာနသို့ ပေးပို့ရန် တာဝန်ရှိပါသည်။
- ၂၀၂၃ ခုနှစ်မှစတင်ကာ အလုပ်ရှင်များသည် FAMLI ထည့်ဝင်မှုများအတွက် ဝန်ထမ်းများ၏ လစာများမှ ၀.၄၅% ကို စတင်ဖြတ်တောက်နိုင်ပါသည်။ ယင်းကို ရိုးရှင်းသော လုပ်ခလစာ ဖြတ်တောက်မှုမှုတစ်ဆင့် လုပ်ဆောင်နိုင်ပြီး ဝန်ထမ်းများသည် ၎င်းတို့၏ ပုံမှန်လစာအပေါ် ဖြတ်တောက်သည်ကို သတိပြုမိပါလိမ့်မည်။ အလုပ်ရှင်များသည် ထိုဖြတ်တောက်ငွေများကို စုဆောင်းခြင်းနှင့် ၎င်းတို့၏ဝန်ထမ်းများကိုယ်စား သုံးလလျှင်တစ်ကြိမ် FAMLI ဌာနသို့ ပေးပို့ခြင်းအတွက် တာဝန်ရှိပါသည်။

## ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီ ၁ ရက်နေ့တွင် စတင်သော အကျိုးခံစားခွင့်များ

- ၂၀၂၄ ခုနှစ်မှစတင်၍ သတ်မှတ်ချက်ပြည့်မီသော အခြေအနေရှိ၍ ကော်လိုရာဒိုတွင် ယခင်နှစ်က အလုပ်လုပ်ကိုင်ခဲ့ရာ $2500 အထက်ရှာဖွေနိုင်သည့် ကော်လိုရာဒို (Colorado) ဝန်ထမ်း အများစုအတွက် မိသားစုခွင့်နှင့် ဆေးခွင့် အကျိုးခံစားခွင့်များရရှိပါမည်။
- လစာပေး မိသားစုခွင့်နှင့် ဆေးခွင့် အတွက် သတ်မှတ်အခြေအနေများမှာ -
  - မွေးဖွားပြီးနောက် ပထမဆုံးတစ်နှစ်အတွင်း ပြုစုစောင့်ရှောက်ခြင်း၊ မွေးစားခြင်းနှင့် မွေးစားသည့်နေရာတွင် ထိုကလေးကို ထားခြင်း။
  - ပြင်းထန်သောကျန်းမာရေးအခြေအနေရှိနေသည့် မိသားစုဝင်တစ်ဦးအား စောင့်ရှောက်နေရခြင်း။
  - သင်ကိုယ်တိုင်၏ ပြင်းထန်သောကျန်းမာရေးအခြေအနေအတွက် ဂရုစိုက်နေရခြင်း။
  - မိသားစုဝင်တစ်ဦး စစ်မှုထမ်းသည်ကို စီစဉ်ပေးနေရခြင်း။
  - အိမ်တွင်းအကြမ်းဖက်မှု၊ နောက်ယောင်ခံလိုက်ခြင်း၊ လိင်ပိုင်းဆိုင်ရာအကြမ်းဖက်ခံရခြင်း သို့မဟုတ် လိင်ပိုင်းဆိုင်ရာ စော်ကားခံရခြင်းတို့ကြောင့် ခိုလှုံရာနေရာအထောက်အပံ့ဖြစ်စေ၊ စောင့်ရှောက်မှုအထောက်အပံ့ဖြစ်စေ၊ ဥပဒေအထောက်အပံ့ဖြစ်စေ ရယူနေရခြင်း။
- အကျုံးဝင်သော ဝန်ထမ်းများကို မိသားစုခွင့်နှင့် ဆေးခွင့်အတွက် တစ်နှစ်လျှင် ၁၂ ပတ်အထိ ခွင့်ပေးပါသည်။ ကိုယ်ဝန်ဆောင်မှု နောက်ဆက်တွဲဆိုးကျိုးများ သို့မဟုတ် ကလေးမီးဖွားပြီး နောက်ဆက်တွဲဆိုးကျိုးများကြောင့်ဖြစ်သော ပြင်းထန်ကျန်းမာရေးအခြေအနေရှိသူများကို တစ်နှစ်လျှင် မိသားစုခွင့်နှင့် ဆေးခွင့်ကို နောက်ထပ် ၄ ပတ်၊ စုစုပေါင်း ၁၆ ပတ်စာ ခွင့်ပြုပေးပါသည်။
- ခွင့်ကို ဆက်တိုက်ဖြစ်စေ၊ တစ်ခါတစ်ရံဖြစ်စေ၊ အချိန်ဇယားလျှော့ချသည့် ပုံစံဖြင့်ဖြစ်စေ ရယူနိုင်ပါသည်။
- ခွင့်ကို အခြေအနေပေါ်မူတည်၍ အချိုးပြောင်းသည့်နှုန်းထားအပေါ် အခြေခံကာ ဝန်ထမ်း၏ အပတ်စဉ်ပျမ်းမျှလစာ ၉၀% အထိ နှုန်းထားဖြင့် ပေးမည်ဖြစ်ပါသည်။ ဝန်ထမ်းများသည် ၎င်းတို့၏ အကျိုးခံစားခွင့်များကို famli.colorado.gov တွင် ရရှိနိုင်သော အကျိုးခံစားခွင့်တွက်စက်ကို သုံးကာ ခန့်မှန်းနိုင်ပါသည်။
- မိသားစုခွင့်နှင့် ဆေးခွင့် အကျိုးခံစားခွင့်များအတွက် သတ်မှတ်ချက်ပြည့်မီရန်အတွက် အနည်းဆုံးအချိန်ပမာဏကို သင့်အလုပ်ရှင်အတွက် လုပ်ကိုင်ပေးရန်မလိုပါ။
- FAMLI ခွင့်ကို ဖက်ဒရယ် FMLA အောက်ရှိ ခွင့်ရက်အဖြစ်လည်း သတ်မှတ်ချက်ပြည့်မီသည့် အကြောင်းရင်းအတွက် အသုံးပြုပါက ထိုခွင့်ကို အသုံးပြုပြီးသား FMLA ခွင့်အဖြစ်လည်း တွက်ယူမည်ဖြစ်ပါသည်။
- ဝန်ထမ်းများသည် FAMLI အကျိုးခံစားခွင့်များကို မသုံးမီ ဆေးခွင့် သို့မဟုတ် အခြား လစာပေးခွင့်ရက်ကို အသုံးပြုရန် ရွေးချယ်နိုင်သော်လည်း မဖြစ်မနေရွေးရန် မလိုပါ။
- အလုပ်ရှင်များနှင့် ဝန်ထမ်းများသည် လစာအပြည့်ဖြင့် အစားထိုးပေးရန်အတွက် FAMLI အကျိုးခံစားခွင့်များကို ဆေးခွင့်နှင့် အခြား လစာပေး ခွင့်ရက်များဖြင့် ဖြည့်စွက်ရန် နှစ်ဦးနှစ်ဖက် သဘောတူနိုင်ပါသည်။

## တောင်းဆိုချက်များတင်သွင်းခြင်း

- အကျိုးခံစားခွင့်များကို 2024 ခုနှစ်၊ ဇန်နဝါရီလမှ စတင်ရရှိပါမည်။ အကျိုးခံစားခွင့်များအတွက် လျှောက်ထားနည်းဆိုင်ရာ ညွှန်ကြားချက်များကို famli.colorado.gov တွင် မြင်တွေ့နိုင်ပါသည်။
- ဝန်ထမ်းများ သို့မဟုတ် ၎င်းတို့၏ သတ်မှတ် ကိုယ်စားလှယ်များသည် လျှောက်လွှာနှင့် လိုအပ်သော မှတ်တမ်းမှတ်ရာကို famil.colorado.gov တွင် မြင်တွေ့နိုင်သည့် My FAMLI+ မှတစ်ဆင့် တင်သွင်းခြင်းဖြင့် FAMLI အကျိုးခံစားခွင့်များအတွက် လျှောက်ထားနိုင်ပါသည်။
- လျှောက်လွှာများကို အလုပ်မပျက်ကွက်မီ ကြိုတင်၍ တင်သွင်းပြီး အချို့အခြေအနေများတွင် စတင်ပျက်ကွက်ပြီးနောက် တင်သွင်းနိုင်ပါသည်။
- အတည်ပြုထားသော လျှောက်လွှာများကို တောင်းခံမှုကို မှန်ကန်စွာ ဖိုင်တွဲတင်ပြပြီးနောက် နှစ်ပတ်အတွင်းနှင့် အတည်ပြုထားသော
- ဝန်ထမ်းများသည် တောင်းဆိုမှုဆုံးဖြတ်ချက်များအား FAMLI ဌာနသို့ အယူခံဝင်နိုင်ပါသည်။
- FAMLI အစီအစဉ်ကို လိမ်လည်ရန်ကြိုးပမ်းသူများမှာ အကျိုးခံစားခွင့်များ ရရှိနိုင်ရန် သတ်မှတ်ချက်မပြည့်မီပါ။

## အလုပ်အကိုင်အာမခံနှင့် ဆက်လက်အကျိုးခံစားခွင့်များ

- အလုပ်ရှင်များသည် FAMLI အောက်ရှိ ဝန်ထမ်းများ၏ လုပ်ပိုင်ခွင့်များအပေါ် နှောင့်ယှက်ခြင်း မပြုရပါ သို့မဟုတ် FAMLI ခွင့်ယူခြင်း၊ FAMLI အကြောင်း အခြားလူများနှင့် စကားပြောခြင်းနှင့် FAMLI ချိုးဖောက်မှုများဆိုင်ရာ တိုင်ကြားချက်များကို တင်ပြခြင်း အပါအဝင် ၎င်းတို့၏ လုပ်ပိုင်ခွင့်များ ကျင့်သုံးခြင်းအတွက် ၎င်းတို့အပေါ် လက်တုံ့ပြန်ခြင်း မပြုရပါ။
- အလုပ်ရှင်အတွက် အနည်းဆုံး ရက်ပေါင်း ၁၈၀ မျှအလုပ်လုပ်ပေးပြီးသော ဝန်ထမ်းတစ်ဦးသည် FAMLI ခွင့်မှပြန်လာသည့်အခါ ထို ရာထူးကိုပင် သို့မဟုတ် တူညီသောရာထူးကို ခံစားခွင့်ရှိပါသည်။

## တားမြစ်ထားသော လက်တုံ့ပြန်ခြင်း၊ ခွဲခြားဆက်ဆံခံရခြင်းနှင့် ပိတ်ပင်နှောင့်ယှက်ခြင်း

- အလုပ်ရှင်များသည် ဝန်ထမ်းများ၏ FAMLI အရ ရပိုင်ခွင့်များကို မပိတ်ပင်ရပါ၊ ထို့ပြင် ထိုရပိုင်ခွင့်များကို ဝန်ထမ်းများက ရယူခြင်း အတွက် ခွဲခြားဆက်ဆံခြင်း သို့မဟုတ် လက်တုံ့ပြန်ခြင်း မပြုနိုင်ပါ။
- လက်တုံ့ပြန်ခြင်း၊ ခွဲခြားဆက်ဆံခြင်း သို့မဟုတ် ပိတ်ပင်နှောင့်ယှက်ခြင်းခံရသည့် ဝန်ထမ်းများသည် တရားရုံးသို့အမှုတင်နိုင်သည် သို့မဟုတ် FAMLI ဌာနသို့ တိုင်ကြားချက်တင်သွင်းနိုင်သည်။

## အခြားအရေးကြီးအချက်အလက်များ

- အလုပ်ရှင်တစ်ဦးသည် ပြည်နယ် FAMLI အစီအစဉ်အတိုင်း တူညီသောအကျိုးခံစားခွင့်များကို ကမ်းလှမ်းနိုင်ပြီး ထပ်ဆောင်း ကုန်ကျစရိတ်များ သို့မဟုတ် ကန့်သတ်ချက်များ မချမှတ်ရပါ။ ကိုယ်ပိုင်အစီအစဉ်များမှာ FAMLI ဌာနက ခွင့်ပြုပေးပြီးဖြစ်ရပါမည်။
- FAMLI ချိုးဖောက်မှုများကို FAMLI ဌာနသို့ တင်ပြရန် ဝန်ထမ်းများနှင့် အလုပ်ရှင်များအား တိုက်တွန်းပါသည်။